ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

**ညွှန်ကြားချက်အမှတ်(၁၉/၂၀၁၅)**

ရက်စွဲ၊ ၂၀၁၅ခုနှစ်၊ ဇွန်လ ၁၉ ရက်

အကြောင်းအရာ။ **ညွှန်ကြားချက်အမှတ် (၁၆/၂၀၁၅)အား ဖြေလျှော့ခြင်းကိစ္စ**

၁။ နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရ ဘဏ်များအနေဖြင့်နိုင်ငံခြားငွေစာရင်းဖွင့်လှစ်ထားသူများ၏ ဘဏ်စာရင်းမှ နိုင်ငံခြားငွေ၊ ငွေသားထုတ်ပေးရာတွင် တစ်ကြိမ်လျှင် အမေရိကန်ဒေါ်လာ(၁၀၀၀၀) သာထုတ်ပေးရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က(၂၄-၄-၂၀၁၂)နှင့်(၄-၇-၂၀၁၂) ရက်နေ့တွင် ညွှန်ကြားချက်အမှတ် (၁၀/၂၀၁၂) နှင့် (၁၃/၂၀၁၂) ဖြင့်သတ်မှတ်ခဲ့ပါသည်။

၂။ သို့သော် နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရဘဏ်များတွင် နိုင်ငံခြားငွေ၊ ငွေသားအများအပြား လာရောက်ထုတ်ယူသည့် အခြေအနေတစ်ရပ်ကိုထိန်းသိမ်းရန် အတွက်(၂၇-၅-၂၀၁၅)ရက်နေ့တွင် ညွှန်ကြားချက်အမှတ် (၁၆/၂၀၁၅) ဖြင့် အစိုးရဌာနများ၊ သံရုံးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ အစိုးရမဟုတ်သော အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှလွဲ၍ ရက်သတ္တပတ်တွင် နှစ်ကြိမ်ထက်မပိုစေဘဲ တစ်ကြိမ်လျှင် အမေရိကန်ဒေါ်လာ (၅၀၀၀) ထုတ်ပေးရန်နှင့် ယင်းပမာဏထက်ကျော်လွန် ထုတ်ယူလိုပါက စာရင်းပြောင်းနည်းဖြင့်သာ ဆောင်ရွက်ရန်ညွှန်ကြားခဲ့ပါသည်။

၃။ ညွှန်ကြားချက်အမှတ် (၁၆/၂၀၁၅)တွင်ဖော်ပြခဲ့သော အစိုးရဌာနများ၊ သံရုံးများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ကမ္ဘာ့ဘဏ်အုပ်စုနှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တို့ကဲ့သို့သော ကုလသမဂ္ဂအောက်ရှိအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သောအပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများအပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီများ ကပါ နိုင်ငံခြားငွေ၊ငွေသားထုတ်ယူလိုလျှင် ထုတ်ယူလိုသည့် အကြောင်းပြချက်နှင့် ထုတ်ယူလိုသော ငွေပမာဏဖော်ပြသည့်စာတွင် ယင်းအဖွဲ့အစည်း၏ အမိကတာဝန်ရှိပုဂ္ဂိုလ်မှ လက်မှတ်ရေးထိုး

တင်ပြလာပါ က အဆိုပါကန့်သတ်ချက်ထက်ကျော်လွန်၍ ထုတ်ပေးခွင့်ပြုကြောင်း အကြောင်းကြားပါသည်။

ဥက္ကဋ္ဌ (ကိုယ်စား)
(ဆက်အောင်၊ ဒုတိယဥက္ကဋ္ဌ)

**ဖြန့်ဝေခြင်း**

နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင် (Authorized Delaer Licence ) ရ ဘဏ်များအားလုံး

မိတ္တူကို

ဥက္ကဋ္ဌရုံး၊မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဒုတိယဥက္ကဋ္ဌများ၊မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ညွှန်ကြားရေးမှူးချုပ်များ၊မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အတွင်းရေးမှူး၊ဒါရိုက်တာအဖွဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ရုံးလက်ခံ

မျှောစာတွဲ